# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 22 , 2023 Volume 63, Number 16


၂၂.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၇၀၀၀ |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၂ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့သကြားဈေးကွက်ကြောင့် မြန်မာ့သကြားဈေးတက်




ပြည်တွင်းရှိ သကြားဈေး တစ်ပိဿာကို ငွေကျပ် ၆၀၀ ခန့်မြင့်တက်လာပြီး သကြား တစ်ပိဿာလျှင် ငွေကျပ် ၂၉၆၀ အထိ ရှိလာတယ်လို့ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းက သိရပါတယ်။

ဒါဟာ ကမ္ဘာ့သကြားဈေး မြင့်တက်မှုကြောင့်ဖြစ်ပြီး ကမ္ဘာ့သကြားဈေးကွက်ဟာလည်း တစ်တန်ကို ယခင်က ကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သာရှိပေမယ့် အခုတော့ ကန်ဒေါ်လာ ၇၈၀ ဝန်းကျင်အထိ မြင့်တက်လာတာမို့ ပြည်တွင်းဈေးနှုန်းပါ အခုလို မြင့်တက်လာရတာပါ။ "သကြားဈေးလည်းတက်တယ်။ နောက်ပြီးကြံထုတ်လုပ်မှုကလည်း ဒီနှစ်နည်းတယ်။ တချို့စက်ရုံတွေဆို စောပြီးသိမ်းတာတွေတောင်ရှိတယ်။ လက်ကျန်နည်းတာလည်းပါတယ်" လို့ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းတာဝန်ရှိသူကပြောပါတယ်။

ဒီလိုအခြေအနေဟာ ကြံအထွက်နှုန်းနည်းပါးခဲ့တာကြောင့်ဖြစ်သလို ပြည်တွင်းရှိ သကြားလက်ကျန် နည်းပါးတာ၊ ပြည်ပမှ သကြားဝင်ရောက်မှု မရှိတာတွေကြောင့် ဖြစ်သလို ကြံကြိတ်ခွဲရာသီအတွင်းကတည်းကလည်း သကြားဈေးနှုန်းဟာ စံချိန်တင် ဆက်လက်မြင့်တက်နေတာလို့ ၎င်းကဆိုပါတယ်။

ဒီလိုစံချိန်တင် မြင့်တက်မှုတွေကြောင့် ကြံကုန်ကြမ်းရဲ့ ဈေးနှုန်းတွေကိုလည်း သကြားစက်များအလိုက် တိုးမြှင့်သတ်မှတ်ပေးနေရပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် တစ်တန်လျှင် ငွေကျပ် တစ်သိန်းဝန်းကျင်အထိ ပေးချေနေရတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာတစ်နှစ်ကိုသကြားတန်ချိန် ငါးသိန်းခန့်အထိထွက်ရှိကာတန်ချိန် ၄ သိန်းခွဲခန့်ကို ပြည်တွင်းမှာစားသုံးနေတာပါ။ ကြံကြိတ်ခွဲရာသီဟာလည်းနှစ်စဉ် ဒီဇင်ဘာလမှစတင်၍ ဧပြီလ လဆန်းပိုင်းမှာ ကုန်ဆုံးလေ့ရှိပါတယ်။

ကြံကိုအဓိကအားဖြင့်စစ်ကိုင်းတိုင်း ၊ ပဲခူးတိုင်းအရှေ့ခြမ်းနှင့်အနောက်ခြမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့မှာ စိုက်ပျိုးနေပြီး ထုတ်လုပ်မှုအားဖြင့် တစ်နိုင်ငံလုံးမှာ သကြားစက်ရုံပေါင်း ၂၃ ရုံရှိကာ သကြားထုတ်လုပ်တဲ့ စက်ရုံတွေကို ကြံစိုက်ပျိုးရာနေရာတွေရဲ့ အနီးဆုံးမှာတည်ဆောက်ထုတ်လုပ်နေတာပါ။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စုစုပေါင်းတန်ဖိုးမှာ ၃၄၆၈၅၈၁ ဒသမ ၅၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၀၀၁၇၀ ဒသမ ၄ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲယင်း၊ နှမ်းနက်၊ ပဲတီစိမ်း၊ ကြံ၊ နိုင်လွန်ပဲ၊ ပြောင်း၊ ရွှေဖရုံသီးနှင့် ဆန်ကွဲများတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၉၁၆၀၃၇ ဒသမ ၅၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၅၂၅၄၄ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ချည်ထည်များ၊ အခြားစက္ကူများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သော ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတု၊ ရာဘာပိုက်၊ Empty Cargo Container 45' Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၁၉၁၃၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၈၁၀၄၀ ဒသမ ၄ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၇ ယွမ်ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၃၀၅ ဒသမ ၈၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုဟိုဌာန**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေး စခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပဲယင်း၊ နှမ်းနက်၊ ပဲတီစိမ်း၊ ကြံ၊ နိုင်လွန်ပဲ၊ ပြောင်း၊ ရွှေဖရုံသီးနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ ငွေပမာဏမှာ ၃၄၆၈၅၈၁ ဒသမ ၅၅ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ ရက်နေ့ထိ တင်ပို့ကုန် ၏ ငွေပမာဏ ၁၀၁၄၆၅၀၆ ဒသမ ၈၇ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၆၆၇၇၉၂၅ ဒသမ ၃၂ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၇ ရက်နေ့အတွင်း လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒ ချည်ခင်များ၊ ချည်ထည်များ၊ အခြားစက္ကူများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတု၊ ရော်ဘာပိုက်၊ Empty Cargo Container 45' Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၆၀၀၁၇၀ ဒသမ ၄ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်မှ ၁၀ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၆၅၅၂၅၁ ဒသမ ၁ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၅၅၀၈၀ ဒသမ ၇ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၈၆၈၄၁၁ ဒသမ ၁၅ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၇ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၅ ဒသမ ၈၁ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုဟိုဌာန**

## သဇင်မြေကုန်သွယ်မှုဇုဟိုဌာနမှ ကုန်သွယ်မှုသတင်း

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရေထွက်ကုန်အနေဖြင့် ငါးမြစ်ချင်း တန်ချိန် ၂၆၂ ဒသမ ၂ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်းတန်ချိန် ၁၆၀ ဒသမ ၈ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်း တင်ပို့နိုင်မှုငွေပမာဏမှာ ၃၄၁၇၀၄ ဒေါ်လာ တင်ပို့မှုရှိခဲ့ကြောင်း သတင်းရရှိပါသည်။

Source: သဇင်မြေကုန်သွယ်မှုဇုဟိုဌာန

## သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ ယခင်နှစ်ထက် ဈေးပိုမိုရရှိ



https://www.foodindustrydirectory.com.mm

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်ထွက် ပဲတီစိမ်းများ စတင်ထွက်ပေါ်နေကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းစိုက်ဧက ၁၂၈,၉၆၅ ဧက ဖြစ်ပြီး ဇန်နဝါရီလ တတိယအပတ်မှစ၍ ဘုရားကြီးကျေးရွာ၊ ကတုံးပေါ်၊ ဝင်းကြီး၊ နံ့ယော၊ ရေပေါ်ကန်၊ အောင်ပန်းစိန်၊ အလန်းကုန်း၊ ကိုင်းကုန်း၊ လသာကုန်း၊ မကျီးပင်ချောင်း စသည့်ကျေးရွာများမှ ပဲတီစိမ်းအနည်းငယ် စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းထွက်ရှိမှုအနေဖြင့် ဧက ၁၂၀ ခန့်ရှိကြောင်း တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း ၁၇ တင်း၊ ၁၈ တင်းခန့်ရှိ၍ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထွက်ရှိသော ပဲတီစိမ်းများအား သုံးခွမြို့နယ်ရှိ Bright Light Co.,Ltd မှ စတင်ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ် ပဲတီစိမ်းစတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၄၆၂၀၀ ဖြစ်ပြီး ယခုနှစ် ပဲတီစိမ်းစတင်ထွက်ရှိချိန်၌ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၆၀၀၀ ဖြစ်၍ ယခင်နှစ်ထက် ဈေးပိုမိုရရှိကြောင်း သိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5777-in-tri-kho-township,-green-beans-fetch-a-higher-price-than-last-year.html

## ဖိလစ်ပိုင်သို့ ထိုင်းဆန်တင်ပို့မှု နှစ်ဆမြင့်တက်လာဖွယ်ရှိ

ထိုင်းနိုင်ငံမှာတော့ ဆည်တွေမှာရေပြည့်လျှံနေပြီး နွေစပါးစိုက်ပျိုးရေးအဆင်ပြေနိုင်တာကြောင့် ယခုနှစ်ဆန်စပါး အထွက်ကောင်းနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

ပြိုင်ဘက် ဗီယက်နမ်ရဲ့ ဆန်တင်ပို့နိုင်စွမ်း ကျဆင်းလာတာကြောင့် ယခုနှစ်မှာ ဖိလစ်ပိုင်ဈေးကွက်ကို ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှု နှစ်ဆအထိ မြင့်တက်လာနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပြောပါတယ်။ ဖိလစ်ပိုင်ဟာ ပြီးခဲ့တဲ့နှစ်တုန်းက ဆန်တန်ချိန် ၃ ဒသမ ၇ သန်း တင်သွင်းပြီး ကမ္ဘာမှာ ဆန်တင်သွင်းမှု ဒုတိယ အများဆုံးအဖြစ် ရပ်တည်ခဲ့ပါတယ်။

ယခု ၂၀၂၃ မှာလည်း တင်သွင်းပမာဏဟာ အရင်နှစ်နဲ့ မတိမ်းမယိမ်းရှိနိုင်ပါတယ်။ ကုန်ဈေးနှုန်းမြင့်တက်မှုနဲ့ စားသောက်ကုန်ပြတ်လပ်မှု ကြုံတွေ့နေရတဲ့ဖိလစ်ပိုင်ဟာ ဆန်တန်ချိန် ၁၂ ဒသမ ၄ သန်း ထုတ်လုပ်နိုင်ဖွယ်ရှိပြီး နိုင်ငံရဲ့ဆန်လိုအပ်ချက်ကတော့ တန်ချိန် ၁၅ ဒသမ ၈ သန်းအထိရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီး ဌာနက ခန့်မှန်းထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ ဖိလစ်ပိုင်တင်သွင်းခဲ့တဲ့ ဆန်စုစုပေါင်းအနက် ၉၀ ရာခိုင်နှုန်းဟာ ဗီယက်နမ်ဆီကဖြစ်ပြီး ကျန်ပမာဏ ကိုတော့ ထိုင်းနိုင်ငံဆီက ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ဟာ ထိုင်းထက် ဆန်ဈေး ပိုသက်သာသလို ဖိလစ်ပိုင်နဲ့ ဆက်ဆံရေးပိုကောင်းတာကြောင့် ဖိလစ်ပိုင်ဆီ ဆန်တင်ပို့မှုအများဆုံးအဖြစ် နှစ်များစွာ ရပ်တည်လာခဲ့ပါတယ်။

"ယခုနှစ်မှာတော့ ဗီယက်နမ်ရဲ့ ဆန်ထုတ်လုပ်မှု နည်းလာနိုင်တာကြောင့် ဖိလစ်ပိုင်အနေနဲ့ ထိုင်းဆန်ကို တိုးမြှင့် ဝယ်ယူလာဖို့ရှိတယ်" ဆိုပြီး ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswong က ပြောပါတယ်။

ဗီယက်နမ်မှာ ၂၀၂၂-၂၃ ရာသီအတွင်း ဆန်စပါးစိုက်ပျိုးဧရိယာ သုံးရာခိုင်နှုန်း ကျဆင်းခဲ့တာကြောင့် ဆန်ထုတ်လုပ်မှု နှစ်အလိုက် တစ်ရာခိုင်နှုန်း လျော့ကျပြီး တန်ချိန် ၂၇ သန်းသာ ရှိနိုင်ပါတယ်။ ယခုနှစ် ဗီယက်နမ် ဆန်စားသုံးမှုကတော့ အရင်နှစ်ကအတိုင်း တန်ချိန် ၂၁ ဒသမ ၅ သန်းရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ် ဆန်တင်ပို့နိုင်မှု ပမာဏ တန်ချိန် ၆ သန်းသာ ရှိနိုင်ပြီး ၂၀၂၂ ခုနှစ်က တင်ပို့အား တန်ချိန် ၇ ဒသမ ၁ သန်းထက် လျော့နည်းလာပါတယ်။

နောက်ထပ်ပြဿနာတစ်ခုကတော့ စပါးကို ရေသွင်းစိုက်ပျိုးနိုင်မှုနည်းတဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းက စပြီး မိုးခေါင်နေခဲ့အချက်အချက်ဖြစ်ပါတယ်။ "ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း ဗီယက်နမ်ဆီမှာ ဆန်ရောင်းအား တည်တည် ငြိမ်ငြိမ်ရှိနေခဲ့တာက ကမ္ဘောဒီးယားဆီကနေ နှစ်စဉ်ဆန်တန်ချိန် တစ်သန်းလောက် မှောင်ခိုဝင်နေခဲ့လို့ဖြစ်ပါတယ်။ ဒါကြောင့် ဗီယက်နမ်ဟာ တစ်နှစ်ကို ဆန်တန်ချိန် ခုနစ်သန်း၊ ရှစ်သန်းလောက် ပြည်ပတင်ပို့နိုင်တာပါ" လို့ Chookiat က ပြောပါတယ်။ "ဒါပေမယ့် ဒီနှစ်မှာတော့ ကမ္ဘောဒီးယားဆီက ဆန်တွေ ဝင်လာပြီး ဗီယက်နမ်ပို့ကုန်ကို အထောက်အပံ့ပြုနိုင်ဖွယ်မရှိပါဘူး" လို့ ၎င်းက ဆက်ပြောပါတယ်။

ဗီယက်နမ်မှာ ဆန်ရောင်းအား နည်းနေတဲ့အတွက် ယခုနှစ် ဇန်နဝါရီလအတွင်း တန်ချိန် လေးသိန်းသာ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၂၀ ဒသမ ၉ ရာခိုင်နှုန်း နိမ့်ကျခဲ့တယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။

ထိုင်းနိုင်ငံမှာတော့ ဆည်တွေမှာရေပြည့်လျှံနေပြီး နွေစပါးစိုက်ပျိုးရေးအဆင်ပြေနိုင်တာကြောင့် ယခုနှစ်ဆန်စပါးအထွက် ကောင်းနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

ထိုင်းဟာ ၂၀၂၂-၂၃ ရာသီမှာ ဆန်တန်ချိန် ၂၀ ဒသမ ၂ သန်းဝန်းကျင် ထုတ်လုပ်နိုင်မယ်လို့ခန့်မှန်းရာ ယခင်ရာသီရဲ့အထွက် တန်ချိန် ၁၉ သန်းထက် ပိုများလာမှာဖြစ်ပါတယ်။ ပြည်တွင်းဆန်စားသုံးအားက တန်ချိန် ၁၂ သန်းရှိပြီး ကျန်ပမာဏကို ပြည်ပတင်ပို့နိုင်မှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်ဟာ ယခုနှစ် ဒုတိယသုံးလပတ် (ဧပြီ-မေ-ဇွန်) အတွင်း ဆန်ဝယ်ယူရရှိရေး ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေဆီ လာရောက်ဆက်သွယ်ထားနှင့်ကြပြီဖြစ်ကြောင်း ထိုင်းဆန်လုပ်ငန်းရှင်တွေက ပြောထားပါတယ်။

ဖိလစ်ပိုင်အစိုးရဟာ ၁၄ နှစ်အတွင်း အမြင့်ဆုံးထိ တက်လာတဲ့အခြေခံစားသောက်ကုန်ဈေးတွေကို ထိန်းချုပ်ဖို့ ကြိုးစာလျက်ရှိချိန် ဖိလစ်ပိုင်ဝယ်လက်တွေက ထိုင်းဆန်ကို ပြောင်းလဲဝယ်ယူဖို့ လုပ်လာကြတာပါ။

ဖိလစ်ပိုင်ကုန်ဈေးနှုန်းတွေဟာ ဇန်နဝါရီလအတွင်းမှာ ၂၀၀၈ နိုဝင်ဘာနောက်ပိုင်း အမြင့်ဆုံးစံချိန်အဖြစ် ၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာက သကြား၊ ကြက်သွန်တို့လို ပြည်တွင်းမှာ ပြတ်လပ်နေတဲ့ စားသောက်ကုန်စည်တွေ တိုးမြှင့်တင်ပို့ခွင့်ပြုဖို့ သဘောတူညီထားပါတယ်။ "ဖိလစ်ပိုင်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေအရ ပြည်တွင်းလိုအပ်ချက် ဖြည့်တင်းရေးနဲ့ ကုန်စည်ဈေးထိန်းချုပ်ရေးအတွက် ထိုင်းဆီက ဆန်ကို ဝယ်ယူဖို့ဖြစ်လာတာပါ" လို့ ထိုင်းနိုင်ငံက ဆန်ကုန်သည်တစ်ယောက်က ပြောပါတယ်။ ဖိလစ်ပိုင်ဆီ မြင့်တက်လာမယ့်ဝယ်လိုအားကြောင့် ထိုင်းဟာ ၂၀၂၃ အတွင်း ဖိလစ်ပိုင်ထံ ဆန်တန်ချိန် သုံးသိန်းအထိ တင်ပို့နိုင်ဖွယ်ရှိပြီး အရင်နှစ်က တင်ပို့ခဲ့တဲ့ပမာဏထက် နှစ်ဆနီးပါး မြင့်တက်လာမှာ ဖြစ်ပါတယ်။

အခုလို ဖိလစ်ပိုင်ဘက်က တက်လာမယ့် ဝယ်လိုအားသစ်နဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီက မှာယူနေကျ အော်ဒါတွေ ရှိနေပေမယ့် ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းကတော့ ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်း ထိုင်းဆန်တင်ပို့ပမာဏကို အရင်နှစ်ကအတိုင်း မပြောင်းလဲဘဲ တန်ချိန် ၇ ဒသမ ၅ သန်း ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ "ဒါက သမားရိုးကျ မှန်းခြေတစ်ခုပါ။ တကယ်တော့ ကျွန်တော်တို့မှာ တင်ပို့စရာ ဆန်တန်ချိန် ၈ ဒသမ ၂ သန်းလောက် ကျန်နေပါတယ်။ ထိုင်းက တစ်နှစ်ပတ်လုံး ဆန်စပါး စိုက်နိုင်တာဆိုတော့" လို့ Chookiat က ပြောပါတယ်။

ဆန်အသင်းအနေနဲ့ အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး ဆန်ထုတ်လုပ်မှုမြင့်တက်နိုင်ခြေ ဒါမှမဟုတ် ဝယ်လိုအားသစ်တွေရှိလာမယ်ဆိုရင် ၂၀၁၃ ခုနှစ် ဆန်တင်ပို့ပမာဏခန့်မှန်းချက်ကို ပြင်ဆင်တိုးမြှင့်သွားမှာဖြစ်ကြောင်း ၎င်းကပြောပါတယ်။

Source: Thai rice exports to Philippines set to double as Vietnam cuts back – NIKKEI Asia

**"အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

## စက်မှုကုန်ချောတင်ပို့မှုမှ ကန်ဒေါ်လာ ကိုးဘီလီယံကျော်ရရှိ

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီလ ပထမပတ်အထိ ၁၀ လကျော်အတွင်း ပြည်ပသို့စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော်အထိရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံကျော်၊ ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံကျော် တင်ပို့ထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံကျော်သာ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိပြည်ပတင်ပို့နေသည့် စက်မှုကုန်ချောများတွင် ချုပ်ပြီးအထည်တင်ပို့မှုမှာ အများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့နှင့် လက်ဝတ်ရတနာများ တင်ပို့ထားသည့်အပြင် ပြည်ပမှနေ၍ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ပြည်တွင်းဆန်ဈေး ဆက်တိုက်မြင့်တက်

လတ်တလော ပြည်တွင်းဆန်ဈေး ဆက်တိုက်မြင့်တက်လာနေပြီး လက်လီဈေးကွက်တွင် ဆန်တစ်အိတ်ဈေး ယခင်ထက် ကျပ် ၂၀၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

ပြည်တွင်းဆန် လက်လီဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း(သစ်)တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ မှ ၈၇၀၀၀ ကြား၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်း(သစ်)တစ်အိတ်လျှင်ကျပ် ၇၂၀၀၀ မှ ၇၅၀၀၀ ကြား၊ ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၃၀၀၀ ကြား၊ ဒေးဒရဲပေါ်ဆန်း(သစ်)တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၃၀၀၀ ကြား၊ ပေါ်ဆန်းနယ်စုံ(သစ်)တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ မှ ၇၀၀၀၀ ကြား၊ ခွဲနီရှယ်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ မှ ၆၄၀၀၀ ကြား၊ ဒေးဒရဲကြားပျံ(သစ်)တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၃၀၀၀ကြား၊ ရက် ၉၀ (သစ်)တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၁၀၀၀ကြား၊ ငစိန်(သစ်)တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ မှ ၅၀၀၀၀ကြား၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်းတစ်အိတ်လျှင် ကျပ် ၅၁၀၀၀ မှ ၅၃၀၀၀ ကြား၊ ပေါ်ဆန်း(သစ်)ရှယ်တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ မှ ၇၁၀၀၀ ကြားတွင် ဈေးပေါက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း၏ စာရင်းများအရသိရသည်။

"ဆန်ဈေးတက်တဲ့နေရာမှာ Export Control က အဓိကကျနေတယ်။ နိုင်ငံခြားကို ပို့ချင်တဲ့ရည်ရွယ်ချက်နဲ့ဈေးကြောင့် ပို့ကုန်သမားတွေက ဈေးဆွဲတင်တဲ့အတွက်ကြောင့် ဆန်ဈေးက ဂယောက်ဂယက်ဖြစ်ပြီး ဈေးတက်နေတာဖြစ်တယ်။ အခုလို မျိုးဆန်ဈေးတက်တဲ့အတွက်ကြောင့် အခြေခံပြည်သူတွေရဲ့ စားဝတ်နေရေးက အတော်လေး ကျပ်တည်းလာနေပါတယ်"ဟု Farmer Development Bank (FDB)၏ Consultant ဦးသက်ဇော်က ဆိုသည်။

လက်ရှိ ပြည်တွင်းတွင် ဆန်စပါး အဓိကစိုက်ပျိုးရာဒေသများတွင် မတည်ငြိမ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပါးလာခဲ့ပြီး ပြည်ပဆန်ဝယ်လိုအား မြင့်တက်လာသည့် အခြေအနေကြောင့် ဈေးမြင့်တက်လျက်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းဆန်အား ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အာဆီယံဒေသတွင်းနိုင်ငံများအပြင် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိနေကြောင်းသိရသည်။

Source: https://t.me/sdtimedaily

## STOCK EXCHANGE (22.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,038 (Shares) | 26,853,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 3 | 25,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 7,715 | 23,916,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,600 | +100 | +1.33% | 7,500 | 7,600 | 7,500 | 69 | 517,600 | 10,400,986 | 79,047 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 1,138 | 1,935,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,500 | 2,550 | 2,500 | 26 | 65,950 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 15 | 39,000 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,900 | 5,000 | 4,900 | 72 | 352,900 | 10,497,598 | 52,488 |

## Market summary

As of 22nd Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.50 | -1.16 | -0.30% | 380.66 | 380.66 | 378.32 | 9,038 | 26,853,350 | 7 | 668,717 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Feb. 2023

| Trading Volume | Trading Value |
|---|---|
| 9,038 (Shares) | 26,853,350 (MMK) |

## Main Board

As of 1:00 pm, 22nd Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,038 (Shares) | 26,853,350 (MMK) |

| MYANPIX | 379.50 ▼ 1.16 |
|---|---|
| Total Volume (shares) | 9,038 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 668,717 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 100 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,600 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 100 |